# ပိုမိုကောင်းမွန်အောင် အားလုံးအတူတကွ ဆောင်ရွက်ခြင်း

**မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် အကျိုးသက်ဆိုင်သူများနှင့် ပုံမှန်တွေ့ဆုံဆက်သွယ်ရန် ရည်မှန်းထားသည်။ ရေရှည်တည်တံ့သော ဆက်ဆံရေးတည်ဆောက်ရန်နှင့် လုပ်ငန်းလည်ပတ်ရန်အတွက် ကျွန်ုပ်တို့၏ဂုဏ်သိက္ခာနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများကို ကာကွယ်ရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ ဦးစားပေးခံယူချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် ပရဟိတအကူအညီများကို ပံ့ပိုးကူညီပေးရန် စိတ်အားထက်သန်နေသည်။**

## အကျိုးသက်ဆိုင်သူများနှင့် တက်ကြွစွာဆက်ဆံခြင်း

ကျွန်ုပ်တို့အပေါ်အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုနှင့်စိတ်ချရမှုသည် မြန်မာ့သြဘာလုပ်ငန်းစုအတွက် အရေးကြီးဆုံးအချက် ဖြစ်သည်။ အရေးကြီးဆုံးသော အကျိုးသက်ဆိုင်သူများနှင့် ပုံမှန်ထိတွေ့ဆက်ဆံပြီး ကျွန်ုပ်တို့၏ချဉ်းကပ်ပုံသည် မြန်မာသြဘာ လုပ်ငန်းစု၏ ချမှတ်ထားသည့် မူဝါဒများ နှင့် ကိုက်ညီပြီး လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်သည်။

ကုန်ထုတ်လုပ်ငန်းခွင်အနီးရှိ လူများအား ဆောင်ရွက်မှုလုပ်ငန်းစဉ်များကြောင့် ဆိုးရွားစွာထိခိုက်မှုမရှိစေရန်အတွက်၊ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေးအဖွဲ့သည် ဒေသခံများထံမှ ရရှိသော မကျေနပ်ချက်များကို ပုံမှန်စောင့်ကြည့်နေသည်။ ၂၀၂၃ ခုနှစ်တွင် မကျေနပ်ချက် တိုင်ကြားစာ ၂ စောင်ရရှိခဲ့ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက် (၃)ရပ် ချမှတ်ပြီး ဖြေရှင်းခဲ့သည်။




ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေး အရာရှိ သည် မြန်မာ့သြဘာလုပ်ငန်းစု၏ စီမံခန့်ခွဲမှု ဆောင်ရွက်ပုံကို ရေရှည်တည်တံ့ခိုင်မြဲသော မြန်မာစီးပွားရေးကွန်ယက် (Myanmar Sustainable Business Network) မှပို့ချသော သင်တန်းတွင် မျှဝေခဲ့သည်။ အဆိုပါသင်တန်းတွင် လက်တွေ့အသုံးပြုနိုင်သော နည်းစနစ်များကိုမျှဝေခဲ့သည်။ ထို့အပြင် ဒေသခံ များနှင့် ပိုမိုထိရောက်စွာ ပုံမှန်ထိတွေ့လာခြင်း ကြောင့် ရရှိခဲ့သော သင်ခန်းစာများကိုလည်း မျှဝေခဲ့သည်။

## လိုအပ်နေသူများအား ပံ့ပိုးကူညီခြင်း

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် အကူအညီလိုအပ်နေသူများအား ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ CSRမူဝါဒ တွင် ကျွန်ုပ်တို့၏ ဆောင်ရွက်ပုံအသေးစိတ်နှင့် မဏ္ဍိုင်လေးရပ်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး နှင့် သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေး အစရှိသောအကြောင်းအရာများကို ဖော်ပြထားသည်။

ယခင်နှစ်က လူမှုရေးဆိုင်ရာလုပ်ငန်းများအတွက် မြန်မာကျပ်ငွေ သန်း ၃၀၀ နီးပါးလှူဒါန်းခဲ့သည်။ ဘဏ္ဍာရေး နှစ် ၂၀/၂၁ တွင် မြန်မာကျပ်ငွေ ၄၅သန်းလှူဒါန်းခဲ့ပြီး ဘဏ္ဍာရေးနှစ် ၂၁/၂၂ နှင့် မြန်မာကျပ်ငွေ ၆၄၃သန်း လှူဒါန်းခဲ့သည်။ မြန်မာ့သြဘာလုပ်ငန်းစုအနေနဲ့ လူများ (စာမျက်နှာ ၁၅ တွင်ကြည့်ရှုပါ) နှင့် ဖြန့်ဖြူးသူများ (စာမျက်နှာ ၁၈ တွင်ကြည့်ရှုပါ) အား ပံ့ပိုးကူညီမှုပေးနိုင်ရေးအပေါ် အာရုံစိုက်ရန် ဆုံးဖြတ်ထားသည်။